<u>အလွတ်သဘောဘာသာပြန်ဆိုချက်</u>

# (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၈၃)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးအတွင်း မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်အဆို (A/75/L.85/Rev.1) အားအတည်ပြုပြီးနောက် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်း က ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံ (နယူးယောက်၊၂၀၂၁ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့)

သဘာပတိကြီးခင်ဗျား၊

ရှေးဦးစွာ ယခုဆုံးဖြတ်ချက်အဆိုကို တင်သွင်းပေးပြီး အဆင်ပြေချောမောစွာ အတည်ပြု ချမှတ်နိုင်ရေး ကြိုးစားအားထုတ်ပေးကြတဲ့ လစ်ချက်စတိုင်းနှင့် အီးယူတို့မှ သံအမတ်ကြီးများ၊ အဓိက အဆိုတင်သွင်းသည့်အဖွဲ့ တို့ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် ယခုဆုံးဖြတ်ချက်အဆိုကို ထောက်ခံပေးကြတဲ့ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့များ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ယခုကိစ္စနဲ့ပတ်သက်ပြီး အောက်ပါအချက်များကို ပြောကြားလိုပါတယ်။

ပထမအချက်အနေနဲ့ ယခုဆုံးဖြတ်ချက်အဆိုကိုမြန်မာနိုင်ငံ ကထောက်ခံမဲပေးပြီး ထောက်ခံခဲ့ပါတယ်။ ဒီလိုထောက်ခံခြင်းဖြင့်အကြမ်းဖက်စစ်တပ်ရဲ့ မြန်မာနိုင်ငံအတွင်း လူမဆန် တဲ့ လုပ်ရပ်တွေကိုရပ်တန့်စေရေး ဖိအားပေးခြင်းနဲ့ မြန်မာနိုင်ငံမှာဒီမိုကရေစီ ပြန်လည်ရရှိရေးအတွက် ပြည်သူများရဲ့ကြိုးပမ်းမှုများကို ပိုမိုကူညီပေးခြင်းတို့အတွက် အတိုင်းအတာတစ်ခုအထိ ကူညီပံ့ပိုးပေးနိုင်မယ်လို့ ယုံကြည်တာကြောင့်ဖြစ်ပါတယ်။ သို့ရာ တွင် ဒီဆုံးဖြတ်ချက်အဆိုဟာမျှော်လင့်ထားတာနဲ့ အများကြီးကွာဟနေပါတယ်။ မြန်မာ ပြည်သူများ အနေနဲ့ အာဆီယံအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းဟာ မြန်မာပြည်သူများ ရဲ့ ဆန္ဒနဲ့အသံကိုအစဉ်အမြဲလေးစားနားထောင် ပေးစေချင်ကြပါတယ်။ မြန်မာနိုင်ငံရှိ သက်ဆိုင်သူများအားလုံးနဲ့ ထိတွေ့ဖို့ အထူးသဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ၊

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များနဲ့ ထိတွေ့ဖို့ အရမ်းအရေးကြီး ပါတယ်။

ဒုတိယအချက်အနေနဲ့ ယခုဆုံးဖြတ်ချက်အဆိုမှာ လက်နက်ဝယ်ယူရေးအပေါ် ကန့်သတ်မှု ကဲ့သို့အရေးပါတဲ့အချက်အလက် အချို့ပါဝင်ခြင်းမရှိကြောင်း တွေ့ရပါတယ်။ အကြမ်းဖက်စစ်တပ်အနေနဲ့ အပြစ်မဲ့အရပ်သားများနှင ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများကို သတ်ဖြတ်ရာမှာ အသုံးပြုခဲ့တဲ့သေစေနိုင်တဲ့လက်နက်များနဲ့ လက်နက်ကြီး အများစုဟာ ပြည်ပက တင်သွင်းထားတာဖြစ်ပါတယ်။ ဒါ့ကြောင့်အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် မြန်မာ တပ်မတော်ကို လက်နက်တင်သွင်းရောင်းချနေတဲ့နိုင်ငံများ အနေနဲ့ ဆက်လက်ရောင်းချခြင်း မှ ချက်ချင်းရပ်တန့်ဖို့ တောင်းဆိုလိုပါတယ်။ လူသတ်မှုများ ကျူးလွန်နေတဲ့ စစ်တပ်ကို လက်နက်များရောင်းချခြင်းဟာ လူသားမျိုးနွယ်အပေါ် ကျူးလွန် သည့် ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို သုတ်သင်ရှင်းလင်းခြင်း၊ စစ်ရာဇဝတ်မှုများ နှင့် လူမျိုးသုဉ်း သတ်ဖြတ်ခြင်းကဲ့သို့သောပြစ်မှုများကိုကျူးလွန်ရာတွင်စစ်တပ်ကိုအားပေးကူညီထောက်ခံ သည်ဟုမှတ်ယူနိုင်ဖွယ်ရှိပါတယ်။

တတိယအချက်အနေနဲ့ မြန်မာနိုင်ငံအတွင်း အပြစ်မဲ့အရပ်သားများ၏ အသက် အိုးအိမ် ကို ကယ်တင်ရန်နဲ့ ဒီမိုကရေစီပြန်လည်ရရှိရေးဆောင်ရွက်မှုများအတွက် အချိန် သည် အဓိကအချက်အချာတစ်ခုဖြစ်ပါသည်။ မြန်မာပြည်သူများ၏ အသက်ကို ကယ်တင်ရန် အရေးကြီးသည့် အချက်အလက်များစွာမပါဝင်ဘဲ အားနည်းသည့် ယခုဆုံးဖြတ်ချက်အဆိုကို အတည်ပြုရန်အချိန်ကာလ ၃လခန့်ကြာမြင့်ခဲ့သည့် အပေါ် မိမိတို့အနေဖြင့် လွန်စွာစိတ်ပျက် မိပါကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလ၂၆ရက်နေ့က စစ်တပ်မှ အာဏာသိမ်းမှုကို ချက်ချင်း ရပ်တန့်ရန် အတွက်အပြင်းထန်ဆုံး အရေးယူမှုကိုပြုလုပ်ပေးပါရန် နိုင်ငံတကာ အသိုက် အဝန်း အား ယခုနေရာမှပင် တောင်းဆိုခဲ့ကြောင်း၊ ယင်းနောက်ပိုင်းရက်ပေါင်း (၁၀၀) အတွင်း အသက် (၇)နှစ် အရွယ် ကလေးငယ်အပါအဝင် ကလေးသူငယ်များစွာ ပါဝင်သည့် လူပေါင်း (၉၀၀) နီးပါးသတ်ဖြတ် ခံခဲ့ရပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုက် အဝန်း

အနေဖြင့်စစ်အုပ်စုအပေါ် တိကျပြတ်သားပြီးအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ချက် များ ပြုလုပ်နိုင်ပါက အပြစ်မဲ့ပြည်သူပေါင်းစဝဝကျော်၏ အသက်ကို ကယ်တင်နိုင်မည်ဟု မြန်မာပြည်သူများကပြောကြားခဲ့ပါသည်။

စတုတ္ထအချက်မှာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စစ်အုပ်စုနှင့် ၎င်းမှဖွဲ့စည်းသည့် နိုင်ငံတော် စီမံ အုပ်ချုပ်မှုကောင်စီကို မထောက်ခံ/အသိအမှတ်မပြုရန် အရေးကြီးပါသည်။ ယင်းသို့ ထောက်ခံခြင်း သည် အကြမ်းဖက်စစ်အုပ်စုနှင့် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီအား ပြည်သူများ အပေါ်အကြမ်းဖက်မှုများနှင့် လူသားမဆန်သည့် အပြုအမူများကို ပိုမိုကျူးလွန် အားပေးခြင်းပင်ဖြစ်လာနိုင်ပါသည်။ လတ်တလောတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကင်းမ ကျေးရွာအား စစ်အုပ်စုမှမီးရှို့ဖျက်ဆီးခဲ့ရာ၊ ဘေးလွတ်ရာသို့ ထွက်ပြေးနိုင်ခြင်း မရှိသူများ သည် မီးရှို့သတ်ဖြတ်ခံခဲ့ရပါသည်။ ယင်းသည် မိမိတို့အနေနှင့်ရော နိုင်ငံတကာ အသိုက်အဝန်း အတွက်ပါ လက်ခံနိုင်ဖွယ်မရှိပါ။

နောက်ဆုံးအချက်အနေဖြင့် မြန်မာပြည်သူများ၏ အသက်အိုးအိမ်များကို ကယ်တင် နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း စစ်တပ်၏အကြမ်းဖက်မှုများနှင့် လူသားမဆန်မှုများကို ရပ်တန့်နိုင်ရန်အတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်း၏ ခိုင်မာပြတ်သားသည့် ဆောင်ရွက်ချက်များ ချက်ချင်းလိုအပ်ပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံ၏ ပဋိပက္ခကို သေချာစွာ အလေးပေးစောင့်ကြည့်ရန်နှင့် စစ်အုပ်စုနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့ အပေါ် ခိုင်မာပြတ်သားသည့် ဆောင်ရွက်ချက်များကို နှောင့်နှေးခြင်း မရှိစေဘဲ ချက်ချင်းဆောင်ရွက်သွားရန်တိုက်တွန်းပါသည်။

သဘာပတိကြီးအား ကျေးဇူးတင်ရှိပါသည်။

*****